# SHORT TERM ENDOWMENT

## LIFE INSURANCE INFORMATION CHECKLIST

## နှစ်တိုငွေပင်ငွေရင်းအသက်အာမခံအကြောင်းသိကောင်းစရာ

AMI Life
အသက်အာမခံ

မျှော်လင့်မထားသောဖြစ်ရပ်များ ကြုံတွေ့ပါက ငွေကြေးအထောက်အပံ့ရရှိစေရန်နှင့် ကာလတစ်ခုကုန်ဆုံးချိန်တွင်မျှော်မှန်းထားသည့်ငွေပမာဏစုဆောင်းမိစေရန် ရည်ရွယ်ချက်ဖြင့် နှစ်တိုငွေပင်ငွေရင်း၊ Short Term Endowment Life Insurance အာမခံအမျိုးအစားကိုဆောင်ရွက်ခြင်းဖြစ်ပါသည်။

- **အာမခံထားခွင့်ရှိသူ**

  အသက်(၁၀)နှစ်မှ(၆၀)နှစ်အတွင်းရှိသူများအာမခံထားရှိနိုင်ပါသည်။
  (က) မိမိ၏ အသက် (ခ) ဇနီး - ခင်ပွန်း အပြန်အလှန် (ဂ) မိဘမှ သားသမီးများ၏အသက်ကိုအာမခံထားရှိနိုင်ပါသည်။အရွယ်မရောက်သေးသူ အသက်(၁၀)နှစ်မှ (၁၈) နှစ်အတွင်း ရှိသူဖြစ်လျှင် မိဘ/ အုပ်ထိန်းသူ၏ခွင့်ပြုချက်စာဖြင့်အသက်အာမခံထားရှိနိုင်ပါသည်။

- **အာမခံထားငွေ**

  အာမခံထားငွေအနည်းဆုံးကျပ်(၁၀)သိန်းမှအများဆုံးကျပ်သိန်း(၅၀၀)ထိ အာမခံထားနိုင်ပါသည်။

- **ပရီမီယံ**

  ပရီမီယံကို၁လတစ်ကြိမ်၊ ၃လတစ်ကြိမ်၊ ၆လတစ်ကြိမ်၊ ၁၂လတစ်ကြိမ်အရစ်ကျ ပေးသွင်းနိုင်သည်။ အရစ်ကျပရီမီယံကို ပေါ်လစီတွင် ဖော်ပြထားသည့် ပရီမီယံပေးသွင်းရန်စေ့သည့်နေ့မှ အပိုရက်ပေါင်း (၃၀)အတွင်းပေးသွင်းရပါမည်။အပိုရက်အတွင်း ပရီမီယံပေးသွင်းရန် ပျက်ကွက်လျှင်ပေါ်လစီပျက်ပြယ်မည်ဖြစ်ပါသည်။

- **အာမခံသက်တမ်း**

  အာမခံသက်တမ်းကို ၅နှစ်၊ ၇နှစ်၊ ၁၀နှစ်ထားနိုင်ပါသည်။ သို့ရာတွင်အသက်(၅၆) နှစ် မှ (၅၈)နှစ်ထိရှိသူများမှာ အာမခံသက်တမ်း(၇)နှစ်ထိလည်းကောင်း၊ အသက်(၅၉)နှစ်မှ (၆၀)နှစ်ထိရှိသူများမှာ အာမခံသက်တမ်း(၅)နှစ်ထိလည်းကောင်းရွေးချယ်ထားနိုင်ပါသည်။

- **အာမခံအကာအကွယ်**

  - သေဆုံးခြင်း
  - ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း(မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း၊ လက်ကောက်ဝတ်အထက်မှလက်နှစ်ဖက်လုံးဝပြတ်ခြင်း၊ ခြေချင်းဝတ်အထက် ခြေနှစ်ဖက် လုံးဝပြတ်ခြင်း တို့ကြောင့် အလုပ်လုပ်ကိုင်နိုင်ခြင်း မရှိဟု ဆရာဝန်၏ မှတ်ချက်ဖြင့် ထာဝစဉ်မသန်စွမ်းဟု သတ်မှတ်ပါသည်။

- **အကျိုးခံစားခွင့်**

  ပေါ်လစီတည်မြဲပါက နှစ်စေ့ငွေ၊ သေဆုံးခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်းများကို ရရှိနိုင်ပြီး စာရင်းပိတ်ခြင်း၊ အမ်းငွေထုတ်ယူခြင်း၊ ချေးငွေစသည့် အကျိုး ခံစားခွင့်များရရှိနိုင်ပါသည်။

- **ကျန်းမာရေးဆေးစစ်ချက်**

  အာမခံထားငွေအရသော်လည်းကောင်း၊ အသက်အရသော်လည်းကောင်း လိုအပ်ပါကအာမခံထားသူသည် ကျန်းမာရေးဆေးစစ်မှုခံယူရမည်။ ဧရာမြန်မာအသက်အာမခံနှင့် ချိတ်ဆက်ထားသည့် ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များက ကျန်းမာရေးစစ်ဆေးပါမည်။

- **အကျိုးခံစားခွင့်လွှဲပြောင်းခြင်း**

  မည်သူ့ကိုမဆို တစ်ဦးတည်းဖြစ်စေ သို့မဟုတ် တစ်ဦးထက်ပို၍ဖြစ်စေ နှစ်သက်ရာရာခိုင်နှုန်းအချိုးအစားအလိုက်လွှဲပြောင်းပေးနိုင်ပါသည်။

- **အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

  - အမ်းငွေရသင့်တန်ဖိုးရရှိနိုင်သောပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့် ပရီမီယံအတိုးများနှင့် ဧရာမြန်မာအသက်အာမခံ မှရရန်ရှိငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်းနှုတ်ယူပြီး ပေါ်လစီကိုအလိုအလျောက် ဆက်လက်တည်မြဲစေနိုင်ပါသည်။ အဆိုပါပေးရန်ကျန်သည့် ပရီမီယံငွေပေါ်တွင် အာမခံထားသူက တစ်နှစ်လျှင် ၈% အတိုးပါပေးသွင်းရမည်ဖြစ်ပါသည်။

  - အထက်တွင်ဖော်ပြခဲ့သည့်နည်းဖြင့် အလိုအလျောက်တည်မြဲစေသည့် ပေါ်လစီအတွက်ပေးရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့်အတိုးကိုတစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့် ပေါ်လစီကိုပြန်လည် တည်မြဲစေနိုင်သည်။ ဤကဲ့သို့တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန်လိုအပ်သည်ဟု ဧရာမြန်မာအသက်အာမခံမှ ယူဆပါလျှင် ပြန်လည်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုစရိတ်ကို အာမခံထားသူမှကျခံရပါမည်။

  - အကယ်၍ ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည်လက်ခံနိုင်သည့် အနေအထားရှိလျှင် ပေါ်လစီကိုပြန်လည်တည်မြဲခွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင် ကျန်းမာရေးစစ်ဆေးသည့်ဆရာဝန်၏ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည်လက်ခံနိုင်သည့် အနေအထားမရှိပါက ပေါ်လစီကိုပြန်လည်တည်မြဲခွင့်ပြုမည်မဟုတ်ပါ။

  - အမ်းငွေရသင့်တန်ဖိုးမရရှိနိုင်သော (၁နှစ်ဆက်တိုက် ပရီမီယံမပေးသွင်းရသေးသော) ပေါ်လစီပျက်နေချိန်တွင် အာမခံထားသူ သေဆုံးခြင်း/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါကမည်သည့်အကျိုးခံစားခွင့်မှ မရနိုင်ပါ။

# SHORT TERM ENDOWMENT
## LIFE INSURANCE INFORMATION CHECKLIST
## နှစ်တိုငွေပင်ငွေရင်းအသက်အာမခံအကြောင်းသိကောင်းစရာ

AMI Life အသက်အာမခံ

- **အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

  - အလိုအလျောက်ပေါ်လစီတည်မြဲသောကာလအတွင်း အာမခံထားသူကွယ်လွန်/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့သော်တင်ရှိနေသည့်ပရီမီယံကြွေးများ၊ တစ်နှစ်လျှင်၈% ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှရရန်ရှိသောငွေများကို နုတ်ယူပြီးလျှင်ကျန်အာမခံငွေများကို တစ်လုံးတည်းထုတ်ပေးမည်။ သို့ရာတွင်အာမခံထားသူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေ ပမာဏသည် ၎င်းရခွင့်ရှိသောအမ်းငွေရသင့်တန်ဖိုးထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံထားသူ သေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ပါကအာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူကွယ်လွန်/ထာဝစဉ်မသန်စွမ်းဖြစ်ပေါ်ချိန်၌ ပေါ်လစီအရ ရနိုင်သောစာရင်းပိတ်တန်ဖိုးကိုတွက်ချက်ပြီး အာမခံထားသူမှ ပေးရန်ကျန်သည့်စုစုပေါင်းငွေကို နုတ်၍ ကျန်ငွေကိုအာမခံထားသူ/အကျိုးခံစားခွင့်ရှိသူကိုထုတ်ပေးပါမည်။

- **အာမခံထားသူအမ်းငွေရသင့်တန်ဖိုးထုတ်ယူနိုင်ခြင်း**

  - ကျသင့်ပရီမီယံကို၁နှစ်တစ်ဆက်တည်းပေးသွင်းပြီးပါက ပရီမီယံကိုဆက်လက်ပေးသွင်းခြင်းမပြုနိုင်တော့သဖြင့် ပေါ်လစီကိုအမ်းငွေရသင့်တန်ဖိုးထုတ်ပေးရန်အကြောင်းကြား လာလျှင်အမ်းငွေရသင့်တန်ဖိုးနှုန်းထား ဇယားပါအတိုင်း ရခွင့်ရှိသည့် အမ်းငွေရသင့်တန်ဖိုးကို အာမခံထားသူသို့ တစ်လုံးတည်းထုတ်ပေးပါမည်။

- **လျော်ကြေးအကျုံးမဝင်သည့်အချက်များ**

  - အာမခံစသည့်နေ့မှတစ်နှစ်အတွင်းမိမိကိုယ်ကိုသတ်သေခြင်း
  - အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါကြောင့် ပေါ်လစီစတင်သည့်နေ့မှ တစ်နှစ်အတွင်းသေဆုံးခြင်း
  - မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
  - ဘေးအန္တရာယ်ဖြစ်စေသောဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
  - ကြိုတင်ရည်ရွယ်ချက်ဖြင့်မိမိကိုယ်ကိုအနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
  - မိမိကိုယ်ကိုသတ်သေခြင်းကြောင့်မသေဘဲထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
  - ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း
  - အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါကြောင့်ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း

- မှတ်ချက် Remark

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချုပ်ဆို ထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှု လေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။
This checklist is general information only. This is not insurance policy (or) not proposal. Also this is not financial advisory, insuring contract. You are required to know and understand all the terms and conditions stated above before signing this checklist.

ရက်စွဲ
Date --------------------

| အာမခံလက်ခံသူ Insurer | | အာမခံထားသူ Insured | |
|---|---|---|---|
| လက်မှတ် Signature | ------------------------------ | လက်မှတ် Signature | ------------------------------ |
| ဝန်ထမ်းအမည် Employee's Name | ------------------------------ | အမည် Name | ------------------------------ |
| ရာထူး Position | ------------------------------ | ဖုန်းနံပါတ် Phone | ------------------------------ |

Hotline နံပါတ် 09-940077773 (Sales Enquiries: Ext 2 နှင့် Claim Enquiries: Ext (3-2)) သို့ အချိန်မရွေးဆက်သွယ်နိုင်ပါသည်။